http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၁၉)



ရွှေပါရမီတော်ရ

# စိတ်အားဖြည့်ဓမ္မသံစဉ်

စတုတ္ထအကြိမ်

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဥတ္တာဓိက

ရွှေပါရမီတောရ

# စိတ်အားဖြည့်ဓမ္မသံစဉ်



ရွှေပါရမီစာစဉ် ( ၁၉ )

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၃ အမှတ်(၃)


စာမူခွင့်ပြုချက်

၃၂၀၇/၂၀၀၆/၁၀

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၅/၂၀၀၇

၂၀၀၇ခုနှစ် ● ဇန်နဝါရီလ ● စတုတ္ထအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးနှင့်အတွင်းပန်းချီ

နေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

<u>မျက်နှာဖုံးပုံနှိပ်သူ</u>

ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ်၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။

<u>အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

<u>ဖြန့်ချိရေး</u>

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၆၁)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၅၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊ မြစ်မ်း ရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊ အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိ-ယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ် အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိ ပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# မာတိကာ


၁။ ■ နေတတ်မှအေးချမ်းမယ် ၁၁

၂။ ■ ငြိမ်လေငြိမ်းလေ ၁၂

၃။ ■ ကြေးစားကောင်းမှု ၁၃

၄။ ■ တောရိပ်လေးကအေးပါတယ် ၁၄

၅။ ■ အထီးကျန်ရင်အကျည်းတန်တယ် ၁၅

၆။ ■ အစွဲသိမ်းမှအမြဲငြိမ်းမယ် ၁၆

၇။ ■ အရှင်းနေမှအနေရှင်းမယ် ၁၇

၈။ ■ အတွယ်အတာမများပါနဲ့ ၁၈

၉။ ■ အချိန်မရွေးသတိရပါ ၁၉

၁၀။ ■ ခပ်ခွာခွာလေးနေစမ်းပါ ၂၀

၁၁။ ■ နှလုံးသားကိုသော့ခတ်ထားပါ ၂၁

၁၂။ ■ သစ္စာသည်သာအားကိုးရာ ၂၂

http://www.dhammadownload.com


၁၃။ ■ အမှန်ရှာမှအရှာမှန်မယ် ၂၃
၁၄။ ■ စိတ်ကိုနေ့တိုင်းရေချိုးပေးပါ ၂၄
၁၅။ ■ ဒီနေ့ကောင်းဖို့အဓိက ၂၅
၁၆။ ■ အလှသေမှအသေလှမယ် ၂၆
၁၇။ ■ အသက်မထွက်ခင်သေနှင့်ပါ ၂၇
၁၈။ ■ နှာခေါင်းရှိရင်အလုပ်ဖြစ်တယ် ၂၈
၁၉။ ■ အရသင့်ဆုံးဆု ၂၉
၂၀။ ■ တစ်ကိုယ်ကောင်းဆန်ရင်လူမဟုတ် ၃၀
၂၁။ ■ မွေးရာပါဖွားဖက်တော် ၃၁
၂၂။ ■ စိတ်ထားမြတ်မှပါရမီဖြစ်မယ် ၃၂
၂၃။ ■ ပေါင်းတတ်ရင်မိတ်ဆွေ ၃၃
၂၄။ ■ စိတ်ချမ်းသာမှသူဌေးအစစ် ၃၄
၂၅။ ■ အဆာခံမှအသာစံမယ် ၃၅
၂၆။ ■ ဗိုက်ခိုင်းလို့မိုက်ရိုင်းရတာပါ ၃၆
၂၇။ ■ ကိုယ်လိုချင်တာနံပါတ်တစ် ၃၇
၂၈။ ■ အစွဲရမ်းရင်အကွဲကြမ်းမယ် ၃၈
၂၉။ ■ ချစ်ကျွမ်းဆွေသာကိုယ့်ရဲ့ကမ္ဘာ ၃၉
၃၀။ ■ အာဟာရအစစ်ရင်တွင်းချစ် ၄၀
၃၁။ ■ အမျက်ဟပ်ရင်အဆက်ပြတ်မယ် ၄၁
၃၂။ ■ အသိဉာဏ်မြင့်မှခွင့်လွှတ်နိုင်တယ် ၄၂
၃၃။ ■ အမှားမကင်းတာလူ့သဘာဝ ၄၃
၃၄။ ■ ကောင်းကွက်ကိုရှာကောင်းကျိုးလာ ၄၄
၃၅။ ■ အပြည့်မလိုမှအလိုပြည့်မယ် ၄၅

http://www.dhammadownload.com


၃၆။ ■ မကြိုးစားတာရောင့်ရဲခြင်းမဟုတ် ၄၆
၃၇။ ■ အချစ်ဟာမီးပဲ ၄၇
၃၈။ ■ ကုသိုလ်ကြီးရင်ဘုန်းကံကြီးတယ် ၄၈
၃၉။ ■ အချစ်သည်းလေအပူကဲလေ ၄၉
၄၀။ ■ အနေဆိုးတာအဆိုးနေဖို့မဟုတ် ၅၀
၄၁။ ■ စိတ်ဖျားနေရင်ဆေးကုပါ ၅၁
၄၂။ ■ ပါရမီမဖြည့်ဘဲနိဗ္ဗာန်မရောက်နိုင် ၅၂
၄၃။ ■ ကြေးစားယောဂီ ၅၃
၄၄။ ■ အကောင်းမိုးမှအမိုးကောင်းမယ် ၅၄
၄၅။ ■ စိတ်ကြည်ဆေးလေးသောက်ပါဦး ၅၅
၄၆။ ■ ဝမ်းနည်းနေတာအလုပ်မရှိလို့ ၅၆
၄၇။ ■ ခန္တီတာဝန် ၅၇
၄၈။ ■ ပြောသလိုလုပ်မှသူတော်ကောင်း ၅၈
၄၉။ ■ တကယ်ချစ်ရင်ခွင့်လွှတ်တယ် ၅၉
၅၀။ ■ ဘယ်မှာလဲထာဝရအချစ် ၆၀
၅၁။ ■ အလုပ်မြတ်ဖို့အဓိက ၆၁
၅၂။ ■ အလင်းပွဲစား ၆၂
၅၃။ ■ လွမ်းခန်းရောက်မှငိုမနေနဲ့ ၆၃
၅၄။ ■ တစ်ခုသိ၊ တစ်ခုကျင့် ၆၄
၅၅။ ■ ယပင့်နဲ့ချစ်မှာလား၊ ရရစ်နဲ့ခြစ်မှာလား ၆၅
၅၆။ ■ စိတ်နူနာသည် ၆၆
၅၇။ ■ မေတ္တာအပြည့်နဲ့ဆက်ဆံပါ ၆၇
၅၈။ ■ ခွဲရတာများအဆန်းလုပ်လို့ ၆၈

http://www.dhammadownload.com


၅၉။ ■ မရှိမဖြစ်ကုသိုလ် ၆၉
၆၀။ ■ ဆိုင်သာဆိုင်မပိုင်တဲ့ဘဝ ၇၀
၆၁။ ■ တာဝန်ကျေဖို့အဓိက ၇၁
၆၂။ ■ လေနှင်ရာမှာပျော်အောင်နေ ၇၂
၆၃။ ■ နှောင်တွယ်ရင်ချောင်ကွယ်မှာငိုရမယ် ၇၃
၆၄။ ■ မာရသွန်ကုသိုလ် ၇၄
၆၅။ ■ သူဌေးတိုင်းလူချမ်းသာမဟုတ် ၇၅
၆၆။ ■ လမ်းဆက်လျှောက်ပါ ၇၆
၆၇။ ■ ဘာသာရေးသည်လူ့အဆင့်အတန်း ၇၇
၆၈။ ■ သူ့အားကိုးရင်ကိုယ့်အားညှိုးတယ် ၇၈
၆၉။ ■ မြေခံရေခံကောင်းပါစေ ၇၉
၇၀။ ■ ကျေးဇူးပဲအချစ်ရေ ၈၀
၇၁။ ■ ရတနာလူသား ၈၁
၇၂။ ■ နောက်မဆုတ်နဲ့ ၈၂
၇၃။ ■ ဦးခေါင်းလည်းပြောင်းစိတ်လည်းပြောင်း ၈၃
၇၄။ ■ မနိုင်ဝန်မထမ်းပါနဲ့ ၈၄
၇၅။ ■ လမင်းလေးလိုကျင့်နေမှာ ၈၅
၇၆။ ■ ချက်ချင်းထလုပ် ၈၆
၇၇။ ■ ကြိုးတုပ်ရင်အကျိုးယုတ်မယ် ၈၇
၇၈။ ■ စိတ်ကိုသတ်တာကိလေသာ ၈၈
၇၉။ ■ အစားရွေးတိုင်းကုသိုလ်မရ ၈၉
၈၀။ ■ ကြာပန်းလေးလိုကျင့်နေမှာ ၉၀
၈၁။ ■ ရလေလိုလေ ၉၁

http://www.dhammadownload.com


၈၂။ ■ အချစ်ဆိုတာမာရ်နတ်ပါ ၉၂

၈၃။ ■ အားထုတ်ဖြစ်ဖို့အဓိက ၉၃

၈၄။ ■ ညာစဉ်နဲ့ပဲညားလိမ့်မယ် ၉၄

၈၅။ ■ ဓာတ်ကူးကောင်းမှဓာတ်ကောင်းကူးမယ် ၉၅

၈၆။ ■ စိတ်ညံ့ရင်သိပ်လန့်တယ် ၉၆

၈၇။ ■ အချစ်ကံဆိုးတာအဆိုးကံချစ်လို့ ၉၇

၈၈။ ■ ချစ်လေပူလေ ၉၈

၈၉။ ■ ဘဝမမေ့နဲ့ ၉၉

၉၀။ ■ အမြင့်ဆုံးမှာထားစေချင် ၁၀၀

၉၁။ ■ အချစ်များရင်အပြစ်နားမယ် ၁၀၁

၉၂။ ■ လမ်းတစ်ဆုံးသွားရင်အားလုံးရောက်တယ် ၁၀၂

၉၃။ ■ သစ္စာကိုမမေ့ပါနဲ့ ၁၀၃

၉၄။ ■ ကြီးလေကဲလေ ၁၀၄

၉၅။ ■ ကျွန်းခံတာကျွမ်း(ဂွန်း)ပြန်အောင်ဆိုးခဲ့လို့ ၁၀၅

၉၆။ ■ နွယ်တစ်မျှင်တွယ်ငင်ကြမ်းပါဘိ ၁၀၆

၉၇။ ■ အလုပ်လုပ်မှဘဝပီပြင်မယ် ၁၀၇

၉၈။ ■ ယာယီကိုတာရှည်မထင်ပါနဲ့ ၁၀၈

၉၉။ ■ သုခမှတ်ကျောက် ၁၀၉

၁၀၀။ ■ နေစဉ်သတိနေ့စဉ်ရှိပါစေ ၁၁၀

http://www.dhammadownload.com

# စိတ်အားဖြည့်အမှာ

သဘောတရားအတွေးစတစ်ခု

တရားသဘောစကားစုတစ်ခုဟာ

လူတစ်ယောက်ရဲ့စိတ်ဓာတ်နဲ့ဘဝကို

အကြီးအကျယ်ပြောင်းလဲသွားစေနိုင်ပါတယ်။

ဒီစာအုပ်မှာပါတဲ့စကားစုတွေကို

တစ်နေ့တစ်ခုပဲဖတ်ပြီး

အဲဒီတစ်နေ့လုံးအဲဒီတစ်ခုကိုပဲ

အထပ်ထပ်နှလုံးသွင်းဆင်ခြင်ပါ။

အံ့ဩဖွယ်ကောင်းလောက်အောင်

စိတ်အားတွေပြည့်ဝလာပါလိမ့်မယ်။

စိတ်အားဖြည့်စကားစုပေါင်း

အခုတစ်ရာတိတိပါဝင်ပါတယ်။

စိတ်အားပြည့်ဝကြပါစေ။

မေတ္တာဖြင့် . . .

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

အရဟံ၊
ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။


အရဟံ၊
ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊
ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



ရှေ့ပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com




## နေတတ်မှအေးချမ်းမယ်

ဆင်းရဲကင်းပြီး
ချမ်းသာချင်ရင်
သမင်ချီုလိုမကျင့်နဲ့
ကြံ့ချီုလိုကျင့်။
ကြခတ်ဝါးရုံလိုမကျင့်နဲ့
မျှစ်စို့လိုကျင့်။
ကိုယ်အဖော်လည်းမငြိတွယ်နဲ့
စိတ်အဖော်လည်းမငြိတပ်နဲ့။


http://www.dhammadownload.com

## ငြိမ်လေငြိမ်းလေ

မြတ်စွာဘုရားရှင်က
တိတ်ဆိတ်ငြိမ်သက်မှုကို
အထူးတန်ဖိုးထားတော်မူပါတယ်။
ဆူညံတဲ့နေရာမှာလည်း
တရားနဲ့နေလို့ရတာမှန်ပေမယ့်
တိတ်ဆိတ်ငြိမ်သက်တဲ့နေရာမှာ
တရားနဲ့နေရတာလောက်တော့
ဘယ်အေးချမ်းမှုရှိပါ့မလဲ။



http://www.dhammadownload.com




# ကြေးစားကောင်းမှု

ပစ္စုပ္ပန်ကြီးပွားရေးအတွက်
ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာ
ပစ္စုပ္ပန်စားဝတ်နေရေးအလုပ်
လုပ်နေတာပါပဲ။
တမလွန်ချမ်းသာရေးအတွက်
ကုသိုလ်ကောင်းမှုပြုနေတယ်ဆိုတာလည်း
ပစ္စုပ္ပန်စားဝတ်နေရေးအလုပ်
လုပ်ရတာအားမရလို့
တမလွန်စားဝတ်နေရေးအလုပ်ကို
ခုကတည်းကကြိုပြီးလုပ်နေတာနဲ့အတူတူပါပဲ။

http://www.dhammadownload.com

## တောရိပ်လေးကအေးပါတယ်

မြတ်စွာဘုရားရှင်က
မြို့မှာစျာန်ရတဲ့သူထက်
တောမှာအိပ်နေတဲ့သူကို
ပိုပြီးချီးမွမ်းပါတယ်။
မြို့မှာအချိန်မရွေး
စျာန်လျှောနိုင်သလို
တောမှာအချိန်မရွေး
တရားရနိုင်လို့ပါ။



http://www.dhammadownload.com



## အထီးကျန်ရင်အကျည်းတန်တယ်

လက်ရှိအခြေအနေမှာ
မပျော်မွေ့နိုင်သူအတွက်
တစ်ယောက်တည်းပဲနေနေ
အများနဲ့ပဲနေနေ
အမြဲတမ်းအထီးကျန်နေပါတယ်။
မရှိတာကိုတောင့်တနေတဲ့သူ
ရှိတာကိုမကျေနပ်နိုင်တဲ့သူဟာ
မရေမရာအတွေးတွေ
မသေမချာမျှော်လင့်ချက်တွေနဲ့
ထာဝရအထီးကျန်နေမှာပါပဲ။

# အစွဲသိမ်းမှ အမြဲငြိမ်းမယ်

တရားအားထုတ်တဲ့သူမှာ
ငါအစွဲ၊ ငါ့ဥစ္စာအစွဲ
တဖြည်းဖြည်းလျော့ပါးလာပါတယ်။
ငါစွဲကင်းလေ၊ စိတ်ချမ်းသာလေ
ငါ့ဥစ္စာအစွဲကင်းလေ
စိတ်ငြိမ်းအေးလေပါပဲ။



http://www.dhammadownload.com



ပတ်ဝန်းကျင်အပေါ်
ငြိတွယ်ရှုပ်ထွေးနေတဲ့
ကြခတ်ဝါးပင်ဟာ
အပြင်ရောက်ဖို့ခက်ခဲသလို
ကိလေသာအတွင်းအရှုပ်
ကာမဂုဏ်အပြင်အရှုပ်တွေနဲ့
ရှုပ်ထွေးနေတဲ့သူဟာလည်း
သံသရာဝဋ်ဆင်းရဲကနေ
ရုန်းထွက်ဖို့ခက်ခဲလှပါတယ်။
မငြိမရှုပ်တဲ့မျှစ်စို့လိုကျင့်နိုင်မှ
ကိုယ့်ဘဝလွတ်လပ်အေးချမ်းမှာပါ။

http://www.dhammadownload.com

## အတွယ်အတာမများပါနဲ့

သက်ရှိသက်မဲ့အာရုံတွေအပေါ်
အငြိအတွယ်အရှုပ်အယှက်များနေတဲ့သူဟာ
သမင်ချိုနဲ့တူတဲ့လူပါပဲ။
သမင်ချိုရဲ့ငြိတွယ်ရှုပ်ယှက်မှုကြောင့်
သမင်ခမျာဆင်းရဲဒုက္ခရောက်ရသလို
အဖော်ခင်တကျာရဲ့
ငြိတွယ်ရှုပ်ယှက်မှုကြောင့်
အဖော်ခင်သူလူသားခမျာမှာလည်း
ဆင်းရဲဒုက္ခမျိုးစုံတွေ့ကြုံခံစားရပါတယ်။



http://www.dhammadownload.com



အချိန်မရွေးသတိရပါ

တရားထူးတရားမြတ်ဆိုတာ
တင်ပျဉ်ခွေမျက်စိမှိတ်ပြီး
တရားထိုင်နေရင်းနဲ့မှ
ရနိုင်တဲ့အရာမဟုတ်ပါဘူး။
သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း
ချက်ရင်းလျှော်ရင်း၊ စားရင်းစွန့်ရင်းနဲ့လည်း
ရနိုင်ပါတယ်။
အချိန်မရွေး၊ နေရာမရွေး
တရားထူးရနိုင်တဲ့အတွက်
အချိန်မရွေး၊ နေရာမရွေး
တရားရှုမှတ်နေဖို့လိုပါတယ်။


http://www.dhammadownload.com

## ခပ်ခွာခွာလေးနေစမ်းပါ

လက်တစ်ဖက်တည်းမှာ
လက်ကောက်နှစ်ကွင်းစွပ်ရင်
အသံမြည်တယ်။
တစ်နေရာတည်းမှာ
လူနှစ်ယောက်ပေါင်းရင်
စကားများတယ်။
စကားမများချင်ရင်
တစ်ယောက်တည်းနေပါ။



http://www.dhammadownload.com



## နှလုံးသားကိုသော့ခတ်ထားပါ

ချစ်ရတာလည်းဒုက္ခ
မုန်းရတာလည်းဒုက္ခပါပဲ။
ချစ်သူကိုမတွေ့ရရင်
စိတ်ပူလောင်ရသလို
မုန်းသူကိုမြင်ရရင်လည်း
စိတ်ဆင်းရဲရပါတယ်။
စိတ်မပူလောင်ချင်ရင်
ဘယ်သူ့မှမချစ်ပါနဲ့။
စိတ်မဆင်းရဲချင်ရင်
ဘယ်သူ့မှမမုန်းပါနဲ့။

http://www.dhammadownload.com

## သစ္စာသည်သာအားကိုးရာ

အရေးကိစ္စကြုံတိုင်းကြုံတိုင်း
ကိုယ်အားထုတ်ထားခဲ့တဲ့
ကုသိုလ်ကောင်းမှုတွေ
ကိုယ်ပြုလုပ်ထားခဲ့တဲ့
အပြုသဘောလုပ်ရပ်တွေကို
သစ္စာဆိုတိုင်တည်ပြီး
ဆုတောင်းလိုက်ပါ။
လိုအင်ဆန္ဒအားလုံး
ပြည့်ဝလာပါလိမ့်မယ်။



http://www.dhammadownload.com



**အမှန်ရှာမှအရှာမှန်မယ်**

မိမိကိုယ်တိုင်က
သေခြင်းသဘော
ပျက်ခြင်းသဘောရှိပေမယ့်
မသေမယ့်သဘော
မပျက်မယ့်သဘောကို
ရှာဖွေနိုင်ခဲ့မယ်ဆိုရင်
အဲဒီရှာဖွေခြင်းဟာ
မြင့်မြတ်သောရှာဖွေခြင်းပါပဲ။
ဘာလို့လဲဆိုတော့
သေခြင်းတရားက
လွတ်မြောက်နိုင်လို့ပါ။

http://www.dhammadownload.com

## စိတ်ကိုနေ့တိုင်းရေချိုးပေးပါ

သတ္တဝါတွေရဲ့စိတ်အစဉ်ဟာ
ပုံမှန်အားဖြင့်ကိလေသာအညစ်အကြေးတွေနဲ့
ညစ်နွမ်းပေကျံနေပါတယ်။
စိတ်တက်ကြွမှုမျိုးစုံ၊ စိတ်ပျက်ကျမှုမျိုးစုံနဲ့
ညစ်ပတ်ချင်တိုင်းညစ်ပတ်နေတဲ့
စိတ်အစဉ်ကိုသတိပဋ္ဌာန်ရေစင်နဲ့
သွန်းလောင်းဆေးကျော်မှသာ
ဖြူဖွေးသန့်စင်သွားနိုင်ပါတယ်။



http://www.dhammadownload.com



## ဒီနေ့ကောင်းဖို့အစိက

ပြီးဆုံးခဲ့တဲ့အတိတ်အကြောင်း
ဖြစ်မလာသေးတဲ့အနာဂတ်အကြောင်းတွေကို
မလိုအပ်ဘဲတွေးတောနေပြီး
စိတ်ပင်ပန်းမနေသင့်ပါဘူး။
မသေခင်ကိုယ်တကယ်ပိုင်တဲ့
ပစ္စုပ္ပန်တစ်ခဏလေးမှာပဲ
စိတ်ကိုတည့်တည့်ချထားပြီး
လုပ်သင့်လုပ်ထိုက်တာကို
အကောင်းဆုံးဖြစ်အောင်လုပ်ရပါမယ်။

http://www.dhammadownload.com

## အလုသေမှအသေလုမယ်

ဘဝပြတ်အောင်အားမထုတ်နိုင်သေးသူအတွက်
သေခါနီးမှာတမလွန်ဘဝကူးကောင်းဖို့
အလွန်အရေးကြီးပါတယ်။
သေရမယ့်အချိန်ကိုကြိုသိရင်
ဘဝကူးကောင်းဖို့အတွက်
စိတ်တိုင်းကျကြိုတင်ပြင်ဆင်နိုင်ပါတယ်။
သေရမယ့်အချိန်ကိုကြိုသိချင်တယ်ဆိုရင်တော့
အာနာပါနသတိပဋ္ဌာန်တရားကို
လေးလေးစားစားပွားများအားထုတ်ကြရုံပါပဲ။



http://www.dhammadownload.com



## အသက်မထွက်ခင်သေနှင့်ပါ

မနိုးသောအိပ်စက်ခြင်းနဲ့အိပ်စက်ခါနီးအချိန်မှာ
အကောင်းဆုံးအနေအထားဖြစ်နေဖို့အတွက်
နိုးသောအိပ်စက်ခြင်းနဲ့အိပ်စက်ခါနီးအချိန်ကို
အကောင်းဆုံးအနေအထားဖြစ်အောင်
လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။
အသေကြီးနဲ့သေခါနီးအချိန်မှာအာရုံကောင်း
နိမိတ်ကောင်းတွေထင်မြင်နေဖို့အတွက်
အသေလေးနဲ့သေခါနီးအချိန်ကို
အာရုံကောင်း၊ နိမိတ်ကောင်းတွေနဲ့
ထုံမွမ်းပေးထားရပါမယ်။

http://www.dhammadownload.com

# နာခေါင်းရှိရင်အလုပ်ဖြစ်တယ်

အိပ်ချိန်၊ နိုးချိန်၊ အချိန်တိုင်းမှာ
ထင်ရှားနေတဲ့အတွက်
ရှူမှတ်ရတာလည်းလွယ်ကူ
မရပ်မနားလည်းအဆက်မပြတ်
ရှူမှတ်နိုင်တာကြောင့်
အာနာပါနကမ္မဋ္ဌာန်းကို
ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ်
သတ်မှတ်ပြီးအားထုတ်တာဟာ
လူအများစုအတွက်အသင့်တော်ဆုံးပါပဲ။



http://www.dhammadownload.com

## အရသင့်ဆုံးဆု

နိဗ္ဗာန်ချမ်းသာဟာ
ဘယ်တော့ဆိုဘယ်တော့မှ
ကုန်ပျောက်ပျက်စီးခြင်းမရှိ
အစဉ်ထာဝရတည်မြဲနေတယ်
ဆိုတာကိုအသေအချာ
အလေးအနက်တွေးကြည့်ရင်
နိဗ္ဗာန်ချမ်းသာလောက်
လိုချင်စရာကောင်းတဲ့ချမ်းသာ
လောကမှာမရှိတော့ပါဘူး။

http://www.dhammadownload.com

# တစ်ကိုယ်ကောင်းဆန့်ကျင် လူ့မဟာဝါ

နေမင်းကြီးဟာမကွယ်ခင်မှာ
ကိုယ်တိုင်လည်းတောက်ပ
လောကကိုလည်း
အလှဆင်သလို
လူဟာလည်းမသေခင်မှာ
ကိုယ့်အကျိုးလည်းဆောင်ရွက်
သူတစ်ပါးအကျိုးလည်း
သယ်ပိုးကြရပါတယ်။



http://www.dhammadownload.com




# မွေးရာပါ
# မွှားမောက်ဝော

မြေကြီးထဲကထွက်လာသမျှ
မှိုပွင့်တွေရဲ့ထိပ်မှာ
မြေမှုံသဲမှုံလေးတွေကပ်ပါလာသလို
မွေးဖွားလာသမျှလူသားတွေရဲ့
ခန္ဓာအစဉ်မှာလည်း
သေခြင်းတရားကပ်ပါလာပါတယ်။
မှိုပွင့်ပေါ်ကမြေမှုံသဲမှုံတွေကို
ဆေးကြောပစ်လို့ရချင်ရပါလိမ့်မယ်။
လူသားခန္ဓာကသေခြင်းတရားကိုတော့
လုံးဝဆေးကြောပစ်လို့မရပါဘူး။

http://www.dhammadownload.com

# စိတ်ထားဖြူမှ
# ပါရမီဖြစ်မယ်

ဘာအလုပ်ပဲလုပ်လုပ်
ပါရမီဖြစ်အောင်လုပ်ဖို့အရေးကြီးပါတယ်။
လူမှုစီးပွားမျှော်လင့်ချက်နဲ့
တမလွန်ကောင်းကျိုးတောင့်တချက်တွေကို
ဘေးချိတ်ချောင်ထိုးထားလိုက်ပြီး
နိဗ္ဗာန်ချမ်းသာမျှော်လင့်ချက်နဲ့
အများကောင်းကျိုးတောင့်တချက်တွေကို
ရှေ့တန်းတင်ဦးညွှတ်ထားလိုက်ရင်
လုပ်သမျှပါရမီဖြစ်ပါပြီ။



http://www.dhammadownload.com



# ပျော်တတ်ရင်မိတ်ဆွေ

လောကဓံခံနိုင်ရည်ရှိဖို့နဲ့
ဘဝမှာလိုအင်ဆန္ဒတွေမများဖို့အတွက်
'တစ်နေ့ကျရင်သေရမှာပဲ' လို့
သေခြင်းတရားနဲ့ပတ်သက်ပြီး
ဆင်ခြင်ကြရပါမယ်။
စိတ်ကောင်းနှလုံးကောင်းရှိဖို့နဲ့
ဝိပဿနာစိတ်ကလေး
အဆက်မပြတ်ဖြစ်ဖို့အတွက်
'အချိန်မရွေးသေသွားနိုင်တယ်'
'ခဏနေသေရင်သေသွားနိုင်တယ်' လို့
သေခြင်းတရားနဲ့ပတ်သက်ပြီး
ဆင်ခြင်ကြရပါမယ်။

http://www.dhammadownload.com

# စိတ်ချမ်းသာမှု
# ရှုဒေါင်းတာဝတ်

ငွေကြေးဥစ္စာမပြည့်စုံတဲ့လူကို
လူဆင်းရဲလို့ခေါ်ကြသလို
အရည်အသွေးကောင်းတွေ
မပြည့်စုံတဲ့စိတ်ကိုလည်း
စိတ်ဆင်းရဲလို့ခေါ်ကြပါတယ်။
စိတ်ဆင်းရဲနေတဲ့လူဟာ
စိတ်ဓာတ်အရည်အသွေးကောင်းတွေ
ချို့တဲ့နေတဲ့လူပါ။



http://www.dhammadownload.com



# အဆာခံမှ အသာစံမယ်

ဆာနာရောဂါဟာအသိဉာဏ်ပွင့်လင်းမှုနဲ့
တရားတိုးတက်မှုကိုအဟန့်အတား
ပြုတတ်တယ်ဆိုတာကိုကိုးကားပြီး
ဆာနာရောဂါဒဏ်ကိုအန်တုသည်းခံရခြင်း
တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ဥပုသ်စောင့်သုံးခြင်းကို
အလွယ်တကူမပစ်ပယ်သင့်ပါဘူး။
အဆိုးဆုံးရောဂါဒဏ်ကိုသည်းခံနိုင်သူရဲ့
သန္တာန်မှာအကောင်းဆုံးစွမ်းရည်သတ္တိတွေ
ကိန်းဝပ်လာတတ်တာမို့
တန်ခိုးကြီးမားတဲ့ဥပုသ်စောင့်သုံးခြင်းကို
အလေးအနက်ကျင့်ကြံအားထုတ်ကြည့်စေချင်ပါတယ်။


http://www.dhammadownload.com

## ဗိုက်ခိုင်းလို့မိုက်ရိုင်းရတာပါ

သတ္တဝါတွေဟာနေ့စဉ်နဲ့အမျှ
နေ့ရောညပါဝမ်းဗိုက်ရဲ့အလိုကို
လိုက်နေကြရပါတယ်။
ဝမ်းဗိုက်ရဲ့လိုအင်ဆန္ဒကို
ဖြည့်ဆည်းပေးနေကြရပါတယ်။
ဝမ်းဗိုက်ခိုင်းသမျှလုပ်နေကြရပါတယ်။
ဒါ့ကြောင့်သတ္တဝါအားလုံးဟာ
ဝမ်းဗိုက်ရဲ့တမန်တော်တွေ
ဝမ်းဗိုက်ရဲ့ကျေးကျွန်တွေဖြစ်ကြပါတယ်။



http://www.dhammadownload.com




## ကိုယ်လိုချင်တာနံပါတ်တစ်

စိန်တစ်လုံးသရက်သီးစားပြီးရင်
တခြားဘယ်သရက်သီးမှ
မစားချင်တော့သလို
နိဗ္ဗာန်ချမ်းသာကိုရပြီးမှတော့
တခြားဘယ်ချမ်းသာကိုမှ
မလိုချင်တော့ပါဘူး။
နိဗ္ဗာန်ချမ်းသာဟာ
အကောင်းဆုံးနံပါတ်တစ်ချမ်းသာပါ။

http://www.dhammadownload.com

အစွဲရှိမ်းရင်အကွဲကြမ်းမယ်
တစ်ယောက်အပေါ်တစ်ယောက်
တဏှာအစေးခါတ်နဲ့
ငြိကပ်တွယ်တာနေမယ်ဆိုရင်
ခဏလေးလမ်းခွဲရလည်း
ဘဝဝေးနှစ်ခြမ်းကွဲသွားသလို
ဝမ်းနည်းရင်နင့်ရပါတယ်။



http://www.dhammadownload.com




ချစ်ကျွမ်းဆွေသာကိုယ့်ရဲ့ကမ္ဘာ

ပုထုဇဉ်သဘာဝအလိုအလျောက်
ဖြစ်တည်နေတဲ့အတွင်းအောက်ခံ
သံယောဇဉ်ရဲ့အပေါ်မှာ
ထုထည်ကြီးမားခိုင်ခံ့တဲ့
မေတ္တာစစ်၊ မေတ္တာမှန်ကို
စနစ်တကျဖွဲ့စည်းတည်ဆောက်ပြီး
သူချစ်၊ ကိုယ်ချစ်၊ အပြန်အလှန်
ချစ်ကြတဲ့သူတွေသာ
အကျွမ်းဝင်သူတွေဖြစ်နိုင်ပါတယ်။
အကျွမ်းဝင်ခြင်းရဲ့အောက်ခံအရောင်က
သံယောဇဉ်ဖြစ်ပြီးအပေါ်အရောင်က
မေတ္တာတရားဖြစ်ပါတယ်။

http://www.dhammadownload.com

# အာဟာရအစစ်ရှင်တွင်းချစ်

လောကမှာစားစရာတစ်ခုဟာ
ကောင်းကောင်း၊ ဆိုးဆိုး
နည်းနည်း၊ များများ
ကိုယ်ချစ်ကျွမ်းဝင်တဲ့သူနဲ့
အတူတူစားရမယ်ဆိုရင်
အဲဒီစားစရာဟာ
အကောင်းဆုံးစားစရာပါပဲ။
ဘာလို့လဲဆိုတော့ချစ်ကျွမ်းဝင်ခြင်းထက်
ပိုကောင်းတဲ့အရသာ
လောကမှာမရှိလို့ပါပဲ။



http://www.dhammadownload.com



# အမျက်ဟပ်ရင်အဆက်ပြတ်မယ်

ဒေါသတရားဟာ
ဓားနဲ့တူပါတယ်။
ဓားဆိုတာအရာဝတ္ထုတွေကို
ဆက်စပ်ပေးတဲ့အရာ၊
ပေါင်းစည်းပေးတဲ့အရာမဟုတ်ပါဘူး။
အရာဝတ္ထုတွေကို
ပြတ်တောက်စေတဲ့အရာ
ပျက်စီးစေတဲ့အရာသာဖြစ်ပါတယ်။
ဒေါသတရားဟာလည်း
အကောင်းမှန်သမျှကို
ပြတ်တောက်ပျက်စီးစေပါတယ်။


http://www.dhammadownload.com

## အသိဉာဏ်မြင့်မှခွင့်လွှတ်နိုင်တယ်

မသိတဲ့သူရဲ့အမှားကို
သိတဲ့သူကသည်းခံခွင့်လွှတ်ရပါမယ်။
မသိလို့မှားတာကို
သည်းခံခွင့်လွှတ်နိုင်စွမ်းမရှိဘူးဆိုရင်
ကိုယ်လည်းမသိတဲ့သူစာရင်းထဲ
ဝင်သွားပါလိမ့်မယ်။
တကယ်တော့မသိလို့မှားသူထက်
အမှားကိုခွင့်မလွှတ်နိုင်သူက
ပိုပြီးမသိရာရောက်ပါတယ်။



http://www.dhammadownload.com



## အမှားမကင်းတာလူ့သဘာဝ

'ဒေါသ' ဆိုတဲ့စကားလုံးကိုယ်တိုင်ကိုက
'အပြစ်' လို့အဓိပ္ပာယ်ထွက်နေတော့
ဒေါသသမားတစ်ယောက်က
သူတစ်ပါးအပေါ် အရာရာအပြစ်မြင်တတ်တာဟာ
သိပ်တော့မဆန်းလှပါဘူး။
ဒါပေမဲ့သူတစ်ပါးရဲ့အမှား၊ ရှံခါအမှန်ကို
အပြစ်မြင်၊ အပြစ်တင်မယ်ကြံတိုင်း
'ငါ့မှာရောအမှားလုံးဝမရှိဘူးလား' လို့
ဆင်ခြင်နှလုံးသွင်းနိုင်မယ်ဆိုရင်တော့
သူတစ်ပါးရဲ့လုပ်ရပ်တွေအပေါ်
သည်းခံခွင့်လွှတ်နိုင်စွမ်းတိုးပွားလာမှာအမှန်ပါပဲ။

http://www.dhammadownload.com

## ကောင်းကွက်ကိုရှာကောင်းကျိုးလာ

ဒူးရင်းသီးရဲ့ဆူးနဲ့အနံ့ဆိုတဲ့
အဆိုးကိုပဲအပြစ်မြင်နေမယ်ဆိုရင်တော့
ဒူးရင်းသီးရဲ့ချိုဆိမ့်တဲ့အရသာနဲ့
ခွန်အားပြည့်ဖြိုးမှုဆိုတဲ့အကောင်းတွေကို
လက်လွှတ်ဆုံးရှုံးရမှာသေချာပါတယ်။
အရသာနဲ့ခွန်အားဆိုတဲ့
ကောင်းကွက်ကိုမြင်တတ်တော့လည်း
ဒူးရင်းသီးဟာဈေးကြီးပေးဝယ်စားရတဲ့
အမြတ်တနိုးသစ်သီးအဖြစ်
စားထိုက်သူတွေရဲ့ချစ်ခြင်းကို
ခံယူနေရတော့တာပါပဲ။



http://www.dhammadownload.com




# အပြည့်မလိုမှအလိုပြည့်မယ်

ပင်လယ်ကြီးဟာမြစ်ချောင်းအင်းအိုင်တွေက
စီးဆင်းဝင်ရောက်လာသမျှ
ရေတွေအပေါ်အလိုမပြည့်သလို
လောဘဟာလည်းရစရာအာရုံတွေ
ရစရာပစ္စည်းဝတ္ထုတွေအပေါ်
ဘယ်တော့မှအလိုမပြည့်ပါဘူး။
အလိုမပြည့်တဲ့လောဘကို
အလိုပြည့်အောင်စွမ်းဆောင်နိုင်တာက
တင်းတိမ်ရောင့်ရဲခြင်းပါပဲ။
ကိုယ်ရသင့်တာထက်ပိုလိုချင်စိတ်မရှိဘဲ
ကိုယ်ရသင့်သလောက်ရတာနဲ့ပဲကျေနပ်ရင်
လောဘဟာအလိုပြည့်သွားပါတယ်။

http://www.dhammadownload.com

မကြိုးစားတာရောင့်ရဲခြင်းမဟုတ်

ယောက်ျားမှန်ငြား၊ ကြိုးစားသင့်စွာ
ပညာရှိ၊ မပျင်းမရိရာ–ဆိုတဲ့
ဘုရားစကားတော်နဲ့အညီ
တစ်ဖက်ကကိုယ့်ဘဝ၊
ကိုယ့်အဆင့်အတန်းကို
တိုးတက်သထက်တိုးတက်အောင်
ကြိုးစားအားထုတ်ရင်း
တစ်ဖက်ကလည်းလက်ရှိဘဝ၊
လက်ရှိအဆင့်အတန်းအပေါ်
ကျေနပ်နှစ်သက်စွာလက်ခံမယ်ဆိုရင်
တင်းတိမ်ရောင့်ရဲသူအစစ်ဖြစ်ပါပြီ။



http://www.dhammadownload.com




အချစ်ဟာမီးပဲ

တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုံတစ်ခု
အပေါ်မှာစွဲစွဲလမ်းလမ်းချစ်နေပြီ
စွဲစွဲလမ်းလမ်းငြိကပ်တပ်မက်နေပြီဆိုရင်
မရခင်မှာလည်းမျှော်လင့်တမ်းတခြင်းတွေနဲ့
ပူလောင်ရပါတယ်။
ရနေဆဲအချိန်တွေမှာလည်း
သာယာယစ်မူးခြင်းတွေနဲ့ပူလောင်ရပါတယ်။
ရပြီးလို့ပျောက်ကွယ်ပျက်စီးသွားတဲ့အခါမှာလည်း
ဆွေးမြေ့ကြေကွဲခြင်းတွေနဲ့ပူလောင်ရပါတယ်။


http://www.dhammadownload.com

# ကုသိုလ်ကြီးရင် ဘုန်းကံကြီးတယ်

ဘုန်းကံကြီးတယ်ဆိုတာ
ကုသိုလ်ကောင်းမှုကြီးတယ်
ကုသိုလ်ကောင်းမှုများတယ်
လို့ဆိုလိုပါတယ်။
ကုသိုလ်ကောင်းမှုနည်းရင်
ဘုန်းကံနည်းမယ်၊
ကုသိုလ်ကောင်းမှုများရင်
ဘုန်းကံကြီးမယ်၊
ဘုန်းကံကြီးသူ၊ ဘုန်းကြီးသူဖြစ်ချင်ရင်
ကုသိုလ်ကောင်းမှုများများပြုပါ။



http://www.dhammadownload.com



## အချစ်သည်းခြေ
## အမှုကြေ

အချစ်ဆိုတာရာဂ၊ ရာဂဆိုတာကိလေသာ
ကိလေသာဆိုတာအကုသိုလ်
အကုသိုလ်ဆိုတာဆိုးကျိုးကိုဖန်တီးပေးတဲ့အရာ
ဒီတော့အချစ်ကြောင့်ကံကောင်းခြင်းလက်ဆောင်တွေ
ရလိမ့်မယ်လို့ဘယ်လိုနည်းနဲ့မှမမျှော်လင့်ပါနဲ့။
အချစ်ကြောင့်ပူလောင်ခြင်းလက်ဆောင်တွေသာ
တစ်ပွေ့တစ်ပိုက်ကြီးရနိုင်တယ်ဆိုတာ
သစ္စာတရားတစ်ခုအဖြစ်
အရိုးစွဲအောင်မှတ်သားထားလိုက်ပါ။


http://www.dhammadownload.com

## အနေဆိုးတာအဆိုးနေဖို့မဟုတ်

ကျန်းမာရေးကောင်းကောင်းမကောင်းကောင်း
အနာရောဂါရှိရှိမရှိရှိ
တရားအားထုတ်မှုကိုတော့
လုံးဝလက်မလွှတ်သင့်ပါဘူး။
အနာရောဂါဖြစ်လာတာဟာ
သတိအားကောင်းဖို့ မမေ့လျော့ဖို့
ဖြစ်လာတာပဲလို့နှလုံးသွင်းပြီး
မကျန်းမာတဲ့ကြားထဲကပဲ
စွမ်းနိုင်သလောက်ကြိုးစားအားထုတ်ရပါမယ်။



http://www.dhammadownload.com




## စိတ်ပျားနေရင်ဆေးကုပါ

အရာရာကိုအကောင်းဘက်ကနေ
ကြည့်တတ်၊ မြင်တတ်၊ နှလုံးသွင်းတတ်တဲ့
ယောနိသောမနသိကာရမရှိခြင်းကြောင့်
စိတ်ကျန်းမာရေးချို့ယွင်းရတာပါ။
အကောင်းထဲမှာလည်းအဆိုးရှိ
အဆိုးထဲမှာလည်းအကောင်းရှိတာမို့
အကောင်းနဲ့အဆိုးကိုမျှတအောင်
တွေးယူပြီးစိတ်တည်ငြိမ်အောင်
ထားတတ်မယ်ဆိုရင်အကောင်းနဲ့
တွေ့လို့လည်းစိတ်မတက်တော့ပါဘူး။
အဆိုးနဲ့တွေ့လို့လည်းစိတ်မပျက်တော့ပါဘူး။
ဒါဆိုရင်စိတ်ကျန်းမာရေးကောင်းပါပြီ။

http://www.dhammadownload.com

# ပါရမီမဖြည့်ဘဲနိဗ္ဗာန်မရောက်နိုင်

ပါရမီကတော့
သံသရာလွတ်လိုသူတိုင်းအတွက်
မရှိမဖြစ်လိုပါတယ်။
ပါရမီဆိုတာ
မြင့်မြတ်သူတွေရဲ့အလုပ်ကိုခေါ်တာပါ။
ဒါန၊ သီလ၊ သမထ၊ ဝိပဿနာအလုပ်တွေဆိုတာ
မြင့်မြတ်သူတွေရဲ့အလုပ်ဖြစ်လို့
အဲဒီအလုပ်တွေပြုလုပ်အားထုတ်နေတာဟာ
ပါရမီဖြည့်နေတာပဲပေါ့။



http://www.dhammadownload.com



# ကြေးစားယောဂီ

အကြံအစည်အောင်မြင်ချင်လို့
လိုအင်ဆန္ဒပြည့်ဝချင်လို့ဆိုတဲ့
လောကီအကျိုးစီးပွားမျှော်လင့်ချက်နဲ့
တရားအားထုတ်နေတဲ့ယောဂီကို
ကြေးစားယောဂီလို့ခေါ်ပါတယ်။
ပထမပိုင်းမှာမွန်မြတ်သန့်စင်တဲ့
ရည်ရွယ်ချက်မရှိပေမယ့်
တရားအားထုတ်ရင်းအသိဉာဏ်ရင့်ကျက်လာရင်တော့
ရည်ရွယ်ချက်လည်းမွန်မြတ်သန့်စင်လာမယ်
တရားအဆင့်လည်းအံ့သြဖွယ်ရာတိုးတက်လာပါမယ်။
ဘာအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ်
တရားကိုအားထုတ်ဖြစ်အောင်အားထုတ်လိုက်ပါ။

http://www.dhammadownload.com

## အကောင်းမိုးမှအမိုးကောင်းမယ်

အမိုးကျဲနေတဲ့အိမ်
မိုးရေနှိပ်စက်မယ်။
အမှတ်ကျဲနေတဲ့စိတ်
ကိလေသာနှိပ်စက်မယ်။
ကိုယ့်ရဲ့စိတ်အိမ်ကို
သတိအမိုးစိပ်စိပ်မိုးမှ
ကိလေသာမိုးရေဘေး
ကင်းဝေးလိမ့်မယ်။



http://www.dhammadownload.com



## စိတ်ကြည်ဆေးလေးသောက်ပါဦး

တစ်ခါတစ်ရံဝိပဿနာတရားရှုမှတ်ရင်းနဲ့
စိတ်တွေနောက်ကျုနေတဲ့အခါ
စိတ်တွေမကြည်မလင်ဖြစ်နေတဲ့
အခါမျိုးတွေမှာမိမိအားသန်တဲ့
မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်တစ်ခုခုကို
ပွားများပြီးတော့နေမယ်ဆိုရင်
ဒါမှမဟုတ်မေတ္တာဘာဝနာ
ပွားများပြီးတော့နေမယ်ဆိုရင်
စိတ်ကလေးကြည်လင်သွားပါတယ်။
စိတ်ကလေးကြည်လင်သွားတဲ့အချိန်မှာ
ဝိပဿနာကိုဆက်ပြီးရှုမှတ်သွားမယ်ဆိုရင်
ပိုပြီးအကျိုးကျေးဇူးကြီးမားပါတယ်။

http://www.dhammadownload.com

# ဝမ်းနည်းနေတာအလုပ်မဖြစ်ဘူး

ကိုယ်တန်ဖိုးထားတဲ့အလုပ်တစ်ခုခုကို
စိတ်ဝင်စားမှုအပြည့်အဝနဲ့
စွဲစွဲမြဲမြဲလုပ်နေခဲ့ရင်
စိတ်ဓာတ်တွေခိုင်မာပြီး
အသိဉာဏ်တွေရင့်ကျက်လာမှာပါ။
နှလုံးသားတွေမာကျောနေမှတော့
ဘာသဘောနဲ့ဘယ်သူကိုယ့်ကိုစွန့်စွန့်
တွန့်လွန့်မနေတော့ပါဘူး။
နှုတ်ဆက်ပြုံးပြရုံပဲပေါ့ကွယ်။



http://www.dhammadownload.com



# ဤတာဝန်

ဆဲဆိုတာသူ့အလုပ်
သည်းခံတာကိုယ့်တာဝန်၊
ကဲ့ရဲ့တာသူ့အလုပ်
သည်းခံတာကိုယ့်တာဝန်၊
ချစ်စရာကောင်းတာသူ့အလုပ်
မချစ်မိအောင်သည်းခံတာကိုယ့်တာဝန်၊
မုန်းစရာကောင်းတာသူ့အလုပ်
မမုန်းမိအောင်သည်းခံတာကိုယ့်တာဝန်၊
အာရုံတွေပေါ်တာသူ့အလုပ်
ကိလေသာမဖြစ်အောင်သည်းခံတာကိုယ့်တာဝန်။

http://www.dhammadownload.com

# ပြောသလိုလုပ်မှသူတော်ကောင်း

သတိအကြောင်း၊ ဝိပဿနာအကြောင်းတွေ
ဖောင်ဖောင်ကြီးပြောနေပေမယ့်
စိတ်နေစိတ်ထားရော
ကိုယ်ကျင့်တရားနဲ့ကိုယ်နှုတ်အမူအရာရော
ပြောင်းလဲတိုးတက်လာမှု
မရှိဘူးဆိုရင်အဲဒီလူဟာ
ချုန်းပြီးမရွာတဲ့မိုးနဲ့အတူတူပါပဲ။



http://www.dhammadownload.com



## တကယ်ချစ်ရင်ခွင့်လွှတ်တယ်

ရှေးရေစက်ကြီးလွန်းလို့
တွေ့ခွင့်ဆုံခွင့်ချစ်ခင်ခွင့်
ရခဲ့ကြတာမဟုတ်လား။
ဘာလို့များတစ်ယောက်အပေါ်တစ်ယောက်
ခွင့်မလွှတ်နိုင်လောက်အောင်
စိတ်ဆိုးငြိုးတေးနေရတာလဲ။
နာကျည်းမှုကုဋေကုဋာနဲ့
ဝမ်းနည်းစွာလမ်းခွဲခဲ့ကြမှတော့
သံသရာတစ်ကွေ့ပြန်လာတွေ့တဲ့အခါ
ဘယ်လိုအပြုံး၊ ဘယ်လိုမျက်လုံးတွေနဲ့
နှုတ်ဆက်ဖက်ပွေ့ကြမလဲကွယ်။

http://www.dhammadownload.com

## ဘယ်မှာလဲထာဝရအချစ်

မေတ္တာတိမ်းပါးလို့
စိမ်းကားစွာလမ်းခွဲခဲ့ကြပြီဆိုမှဖြင့်
ဝမ်းနည်းစရာအဖြစ်အပျက်တွေပဲ
အသစ်ဆက်ပေါ်လာတော့မှာပေါ့။
'အခုတော့လည်း .... သူစိမ်းတွေ
လိုပါပဲလား' ဆိုတဲ့စကားက
ကျက်သရေအပေါင်းခညောင်းနေတဲ့
မင်္ဂလာစကားမှမဟုတ်ပဲကွယ်။



http://www.dhammadownload.com



## အလုပ်မြတ်ဖို့အဓိက

ယောကျ်ားဖြစ်ရုံသက်သက်နဲ့
မြင့်မြတ်သူတစ်ယောက်
ဖြစ်မလာနိုင်သလို
မိန်းမဖြစ်ရုံသက်သက်နဲ့လည်း
ယုတ်နိမ့်သူတစ်ယောက်
ဖြစ်မသွားနိုင်ပါဘူး။
ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်
မြင့်မြတ်တဲ့အလုပ်လုပ်ရင်
မြင့်မြတ်သူဖြစ်ပြီး
ယုတ်နိမ့်တဲ့အလုပ်လုပ်ရင်
ယုတ်နိမ့်သူဖြစ်ပါတယ်။


http://www.dhammadownload.com

## အလင်းပွဲစား

တရားစာပေရေးတယ်ဆိုတာ
ကိုယ့်ဘဝ၊ ကိုယ့်ကမ္ဘာမှာ
ထိန်လင်းနေတဲ့
သစ္စာဉာဏ်အလင်းကို
သူများဘဝ၊ သူများကမ္ဘာတွေမှာလည်း
ထိန်လင်းအောင်
ထွန်းညှိဝေငှနေတာပါ။



http://www.dhammadownload.com



လွမ်းခန်းရောက်မှငိုမနေနဲ့
တို့သတ္တဝါတွေအားလုံးဟာ
ကံဇာတ်ဆရာညွှန်ကြားတဲ့အတိုင်း
ကပြသရုပ်ဆောင်ကြရတဲ့
သံသရာဇာတ်စင်ပေါ်က
စင်တင်ဇာတ်လိုက်တွေမဟုတ်လား။
ကံကဆုံတွေ့ခိုင်းတော့လည်း
တို့တစ်တွေဆုံတွေ့ကြရတာပေါ့။
ကံကလမ်းခွဲခိုင်းတော့လည်း
တို့တစ်တွေလမ်းခွဲကြရတာပေါ့။
ဆုံတွေ့ခိုက်မှာပုံမမှေ့လိုက်ပါနဲ့လား။


http://www.dhammadownload.com

# တစ်ခုသိ၊ တစ်ခုကျွမ်း

ဓမ္မဗဟုသုတတွေအများကြီးမသိပေမယ့်
ကိုယ်သိသလောက်နည်းနည်းလေးကို
လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်
ကျင့်သုံးသလောက်လည်း
ကိစ္စပြီးမြောက်ချမ်းသာရောက်တဲ့ပုဂ္ဂိုလ်ဟာ
တွင်းမတူးပေမယ့်အောင်းတဲ့ကြွက်နဲ့
ဥပမာတူပါတယ်။
တွင်းမှာအောင်းနေမှဘေးရန်ကင်းရှင်း
ချမ်းသာခြင်းနဲ့ပြည့်စုံနိုင်တာမို့
တွင်းအောင်းဖို့ကအဓိကပါပဲ။



http://www.dhammadownload.com



# ယပ်နဲ့ ချစ်မှာလား
# ဂဂစ်နဲ့ ခြစ်မှာလား

'ချစ်ခြင်း' ဟာ 'ပြည့်စုံခြင်း' မှာ
အဆုံးသတ်ပြီး 'ခြစ်ခြင်း' ကတော့
'ပျက်စီးခြင်း' မှာနိဂုံးချုပ်ပါတယ်။
'ချစ်ခြင်း' ဟာအပြုသဘောကို
ဆောင်ပြီး 'ခြစ်ခြင်း' ကတော့
အဖျက်သဘောကိုဆောင်ပါတယ်။
ကိုယ်၊ နှုတ်၊ စိတ်နဲ့
ကောင်းမှုကိုပြုခြင်းဟာ
ကိုယ့်ကိုယ်ကိုယ်ချစ်ခြင်းပါ။
ကိုယ်၊ နှုတ်၊ စိတ်နဲ့
မကောင်းမှုကိုပြုခြင်းဟာ
ကိုယ့်ကိုယ်ကိုယ်ခြစ်ခြင်းပါ။

http://www.dhammadownload.com

# စိတ်နူနာသည်

ကိလေသာတွေဟာ
နူနာရောဂါနဲ့တူတယ်၊
ကာမဂုဏ်ချမ်းသာတွေဟာ
မီးပုံကြီးနဲ့တူတယ်၊
ကာမဂုဏ်ချမ်းသာခံစားနေတာဟာ
နူနာရောဂါထလာလို့
ယားလွန်းတဲ့အတွက်မီးကင်ပြီး
အယားဖျောက်နေတာနဲ့တူတယ်။



http://www.dhammadownload.com




## မေတ္တာအပြည့်နဲ့ဆက်ဆံပါ

ပိုက်ဆံအကြွေးတင်တာထက်
မေတ္တာအကြွေးတင်တာက
အဆပ်ရပိုခက်ပါတယ်။
ကြွေးဆိုတာကြွေးရှင်နဲ့တွေ့တုန်းပဲ
ဆပ်ခွင့်ရတာလေ။
သံသရာခရီးဖော်တွေအပေါ်
မေတ္တာကြွေးအကျေဆပ်နိုင်ရင်
အနေမြတ်ရုံမက
အသေတတ်ဖို့လည်းသေချာပါတယ်။

http://www.dhammadownload.com

## ခွဲရတာများအဆန်းလုပ်လို့

သေကွဲခွဲရတဲ့လမ်းခွဲခြင်းလောက်
ဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက်
တစ်ခုမှမရှိတော့ပါဘူး။
ပြန်မဆုံနိုင်တဲ့လမ်းခွဲခြင်းမျိုးနဲ့တောင်
တစ်နေ့လမ်းခွဲကြရမှာပဲဥစ္စာ၊
ခေတ္တခဏလမ်းခွဲရတာလေးကို
ဝမ်းနည်းမနေပါနဲ့လားကွယ်။
အိုသွေးရှိသူတိုင်းအိုကြရသလို
ခွဲသွေးရှိသူတိုင်းခွဲကြရမှာပါ။



http://www.dhammadownload.com




## မရှိမဖြစ်ကုသိုလ်

သံသရာမှာချမ်းသာဖို့လည်း
ကုသိုလ်ရှိဖို့လိုပါတယ်။
သံသရာကလွတ်မြောက်ဖို့လည်း
ကုသိုလ်ရှိဖို့လိုပါတယ်။
ကုသိုလ်များများရှိလေ
ချမ်းသာများများခံစားရလေ
ကုသိုလ်မြင့်မြင့်ရှိလေ
နိဗ္ဗာန်မြန်မြန်ရောက်လေပါပဲ။
ကုသိုလ်အများဆုံးရချင်ရင်
ကုသိုလ်အမြင့်ဆုံးရောက်ချင်ရင်
ရဟန်းပြုတာအကောင်းဆုံးပါပဲ။

http://www.dhammadownload.com

## ဆိုင်သာဆိုင်မပိုင်တဲ့ဘဝ

ကိုယ်သိပ်ချစ်တဲ့သူ
ကိုယ်သိပ်ချစ်တဲ့အရာတွေနဲ့
အချိန်တိုင်းထိတွေ့
ခံစားခွင့်မရတဲ့အတွက်
ဘယ်သူ၊ ဘယ်အရာကိုမှ
ကိုယ်တကယ်မပိုင်ပါဘူး။
သေသည်ဖြစ်ဖြစ်၊ မသေသည်ဖြစ်ဖြစ်
ကိုယ်ပိုင်တာဘာမှမရှိပါလား။



http://www.dhammadownload.com




## တာဝန်ကျေဖို့အဓိက

သံသရာခရီးရှည်ကြီးကို
တစ်ယောက်တည်းလျှောက်လှမ်းလို့
ရတာမဟုတ်တော့လည်း
အပေါင်းအဖော်မိတ်ဆွေဆိုတာတွေနဲ့
မလွဲမသွေဆုံစည်းကြရမှာပါပဲ။
တွေ့ခိုက်ဆုံခိုက်လက်တွဲခိုက်မှာ
သံယောဇဉ်နှောင်ကြိုးမပါတဲ့
မေတ္တာစိတ်သန့်သန့်လေးနဲ့
သူ့တာဝန်ကိုယ့်တာဝန်ကျေပွန်စွာ
ချစ်ခင်ကြင်နာလိုက်ကြမယ်ဆိုရင်
ဘဝခရီးဖော်တွေနဲ့
မလွှဲမရှောင်သာလမ်းခွဲကြရတဲ့အခါ
ဝမ်းနည်းပူပန်နေစရာမလိုတော့ပါဘူး။

http://www.dhammadownload.com

လေနှင်ရာမှာပျော်အောင်နေ
မြစ်ပြင်ထဲကဗေဒါပင်တွေဟာ
လေကြောင့်ပဲပေါင်းဆုံကြသလို
လေကြောင့်ပဲကွဲကွာသွားကြပါတယ်။
သံသရာမြစ်ပြင်ထဲက
လူသားတွေဟာလည်း
ကံကြောင့်ပဲဆုံစည်းခွင့်ရကြသလို
ကံကြောင့်ပဲခွဲခွာကြရပြန်ပါတယ်။
ကံကြို့ရင်ပြန်ဆုံကြဦးမှာပေါ့။
လမ်းခွဲမှာဝမ်းနည်းစရာမလိုပါဘူးလေ။



http://www.dhammadownload.com




နှောင်တွယ်ရင်ချောင်ကွယ်မှာပိုရမယ်

နှုတ်ဆက်ထွက်ခွာသွားသူနဲ့
လက်ပြကျန်ရစ်ခဲ့သူ
ဘယ်သူပိုဝမ်းနည်းရပါသလဲ။
ထွက်ခွာသွားသူကပိုသံယောဇဉ်ကြီးရင်
သူပိုဝမ်းနည်းရမှာပါ။
ကျန်ရစ်ခဲ့သူကပိုသံယောဇဉ်ကြီးရင်
သူပိုဝမ်းနည်းရမှာပါ။
နှစ်ယောက်လုံးညီတူသံယောဇဉ်ကြီးရင်တော့
နှစ်ယောက်လုံးညီတူဝမ်းနည်းရမှာပေါ့။
လမ်းခွဲမှာဝမ်းနည်းစရာမလိုအောင်
သံယောဇဉ်နှောင်ကြိုးတွေကို
အတတ်နိုင်ဆုံးဖြေလျှော့လိုက်ကြစို့လားကွယ်။

http://www.dhammadownload.com

# မာရသွန်ကုသိုလ်

ရဟန်းဘဝကလူ့ဘဝထက်
ကုသိုလ်အရပိုများတယ်၊
နိဗ္ဗာန်အရောက်ပိုမြန်တယ်၊
ကုသိုလ်ပိုများများရဖို့
နိဗ္ဗာန်ပိုမြန်မြန်ရောက်ဖို့
ရည်ရွယ်ချက်နှစ်မျိုးနဲ့
ရဟန်းပြုကြရတာပါ။



http://www.dhammadownload.com



## သူဌေးတိုင်းလူချမ်းသာမဟုတ်

လောကချမ်းသာဘယ်လောက်ပဲရှိရှိ
ဓမ္မချမ်းသာမရှိသေးသမျှ
ချမ်းသာမစုံသေးပါဘူး။
နိဗ္ဗာန်ချမ်းသာဆိုတဲ့
လမ်းဆုံးချမ်းသာကို
အပြီးတိုင်မရသေးသမျှတော့
လူတစ်ယောက်ရဲ့ဘဝဟာ
လိုအပ်ချက်တွေနဲ့
လျော့နေဟာနေမှာပါပဲ။


http://www.dhammadownload.com

## လမ်းဆက်လျှောက်ပါ

ရဟန္တာပုဂ္ဂိုလ်ကလွဲရင်
အချိန်တိုင်းစိတ်ချမ်းသာနေတဲ့သူ
တစ်ဦးတစ်ယောက်မှမရှိပါဘူး။
ရဟန္တာမဖြစ်သေးဘဲနဲ့
ငါစိတ်ချမ်းသာလိုက်တာလို့
ကျေနပ်ရောင့်ရဲမနေဖို့
မြတ်စွာဘုရားမိန့်ကြားတော်မူပါတယ်။
ကိလေသာမကုန်သေးသမျှတော့
စိတ်ဆင်းရဲချိန်ဆိုတာရှိနေဦးမှာပါပဲ။



http://www.dhammadownload.com




## ဘာသာရေးသည်လူ့အဆင့်အတန်း

ဘာသာရေးဆိုတာ
အဆင့်အတန်းရှိတဲ့လူသားတိုင်း
အဆင့်အတန်းရှိလိုတဲ့လူသားတိုင်းအတွက်
မရှိမဖြစ်လိုအပ်တဲ့
အရေးကြီးဆုံးအရာတစ်ခုဖြစ်ပါတယ်။
ဘာသာရေးကိုလုံးဝပစ်ပယ်ထားတဲ့သူ
လုံးဝမပစ်ပယ်တောင်မှ
အလေးအနက်မထားတဲ့သူဟာ
ဘယ်လိုနည်းနဲ့မှ
အဆင့်အတန်းရှိတဲ့လူတစ်ယောက်၊
ကြီးကျယ်မြင့်မြတ်တဲ့လူတစ်ယောက်
ဖြစ်မလာနိုင်ပါဘူး။


http://www.dhammadownload.com

## သူ့အားကိုးရင်ကိုယ့်အားညှိုးတယ်

ကိုယ်လိုချင်တဲ့ပျော်ရွှင်မှု
ကိုယ်ရချင်တဲ့သာယာမှုက
သူတစ်ပါးနဲ့ဆက်စပ်နေရင်
ကိုယ်ပဲစိတ်အားငယ်နေရမှာပါ။
ကိုယ့်ဆန္ဒ၊ ကိုယ့်မျှော်လင့်ချက်ကို
တစ်ဖက်သားပုဂ္ဂိုလ်က
အချိန်တိုင်းဖြည့်ဆည်း
ပေးနိုင်တာမှမဟုတ်ပဲ။



http://www.dhammadownload.com




မြေခံရေခံကောင်းပါစေ
လူဝတ်ကြောင်တစ်ယောက်အနေနဲ့
ရဟန်းတစ်ပါးရဲ့သီလကုသိုလ်ကို
ဘယ်လိုနည်းနဲ့မှလိုက်မမီနိုင်ပါဘူး။
သီလကုသိုလ်ဆိုတာ
ကုသိုလ်အားလုံးရဲ့အမာခံ
မြေကြီးနဲ့တူတဲ့အတွက်
ကြီးကျယ်တဲ့သီလမြေပေါ်မှာ
ရပ်တည်ပြီးပြုလိုက်တဲ့
ဒါနကုသိုလ်ကလည်း
ပိုပြီးအရည်အသွေးပြည့်ဝပါတယ်။
ဘာဝနာကုသိုလ်ကလည်း
ပိုပြီးအဆင့်အတန်းမြင့်ပါတယ်။

http://www.dhammadownload.com

# ကျေးဇူးပဲအချစ်ရေ

ချစ်ရသူရဲ့စိမ်းကားရက်စက်မှု
မြတ်နိုးရသူရဲ့သစ္စာကင်းမဲ့မှုဟာ
စိတ်ထားတတ်သူအတွက်တော့
တန်ဖိုးမဖြတ်နိုင်တဲ့
ဘဝလွတ်မြောက်မှုဆုလာဘ်ကြီးပါပဲ။
အသုံးချတတ်သူတစ်ယောက်အတွက်
အချစ်ကံခေတာဟာအနှစ်ကျန်စေဖို့ပါပဲ။





# ရဟန်းလူသား

လူသားအများစုက
လူဝတ်ကြောင်တွေဖြစ်ပြီး
လူသားအနည်းစုကသာ
ရဟန်းတော်တွေဖြစ်ကြပါတယ်။
လောကမှာရတနာဆိုတာ
ရှားလည်းရှားပါးပါတယ်။
လူတိုင်းလည်းပိုင်ဆိုင်ခွင့်မရပါဘူး။
လူနည်းစုသာခံယူနိုင်တဲ့
ရဟန်းဘဝဆိုတာတကယ်တော့
ရတနာထိုက်တဲ့ဘဝပါပဲ။



http://www.dhammadownload.com

http://www.dhammadownload.com

# နောက်မဆုတ်နဲ့

ဘယ်လောက်ကောင်းတဲ့အလုပ်ကိုပဲလုပ်လုပ်
ဆန္ဒကျင်ဘက်အဖျက်သမားဆိုတာ
ရှိတတ်စမြဲဖြစ်လို့
ဘယ်သူတွေဘယ်လိုပဲဖျက်ဖျက်
ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကောင်းတွေကို
ဘာအကြောင်းကြောင့်မှနောက်မဆုတ်ဘဲ
မြန်မြန်ထက်ထက်၊ သွက်သွက်လက်လက်
လုပ်သွားဖို့အရေးကြီးပါတယ်။



http://www.dhammadownload.com




## ဦးခေါင်းလည်းပြောင်စိတ်လည်းပြောင်

အစဉ်ချမ်းမြတဲ့ရှင်ရဟန်းဘဝလို့
ဆိုရလောက်အောင်ရဟန်းဘဝက
သိပ်ကိုအေးချမ်းလွန်းပါတယ်။
ပိုင်ဆိုင်ဖို့လည်းမတောင့်တရ
တည်မြဲဖို့လည်းမကြောင့်ကြရတဲ့အတွက်
စိတ်လွတ်လပ်ပေါ့ပါးပြီး
ရှင်းလင်းသန့်စင်နေပါတယ်။
'ရ'တာ'ဟန်'တဲ့ရဟန်းဘဝ
လို့တောင်ဆိုလိုက်ချင်ပါရဲ့။

http://www.dhammadownload.com

## မနိုင်ဝန်မထမ်းပါနဲ့

မနိုင်ဝန်ကိုမသပ်မရပ်ထမ်းပြီး
စိတ်ပင်ပန်းဆင်းရဲနေမယ့်အစား
ကိုယ်နိုင်တဲ့ဝန်ကိုသပ်သပ်ရပ်ရပ်ထမ်းပြီး
စိတ်ကျေနပ်ချမ်းသာနေရတာက
ပိုကောင်းမယ်ထင်တယ်လေ။
ဘယ်ဝန်ကိုကိုယ်ထမ်းနိုင်တယ်
မထမ်းနိုင်ဘူးဆိုတာ
ကာယကံရှင်ကအသိဆုံးပါ။



http://www.dhammadownload.com




## လမင်းလေးလိုကျင့်နေမှာ

လမင်းကြီးရဲ့ဘဝကိုသိပ်အားကျတယ်။
လမင်းကြီးဟာလောကလူသားတွေကို
အအေးဓာတ်နဲ့အလင်းဓာတ်
ပေးပြီးကျေးဇူးပြုတယ်။
ဒါပေမဲ့လောကလူသားတွေနဲ့
လိမ်းကျံကပ်ငြိခြင်းမရှိဘူး။
ဝေးဝေးမှာပဲသီးသန့်နေတယ်။
မေတ္တာအအေးဓာတ်နဲ့အသိဉာဏ်
အလင်းဓာတ်ပေးပြီးဝေးဝေးကနေ
ကျေးဇူးပြုနေရတဲ့လူသားလမင်း
ဘဝမျိုးကိုပိုပြီးလိုလားပါတယ်။

http://www.dhammadownload.com

## ချက်ချင်းထလုပ်

ကောင်းမှုကုသိုလ်အလုပ်ဆိုတာ
လုပ်ချင်စိတ်ထက်ထက်သန်သန်ရှိတုန်း
မြန်မြန်သွက်သွက်ထလုပ်လိုက်မှ
ထမြောက်အောင်မြင်တတ်ပါတယ်။
အကြောင်းတစ်ခုခုပြပြီး
အချိန်ဆွဲနေမယ်ဆိုရင်
မလုပ်ဖြစ်တော့ဘဲ
လွဲချော်သွားတတ်ပါတယ်။



http://www.dhammadownload.com



## ကြိုးတုပ်ရင်အကျိုးယုတ်မယ်

အများနဲ့ရောနှောပြီးနေရင်ကိုယ့်စိတ်နဲ့
ကိုယ့်ကိုယ်ဖြစ်ဖို့သိပ်မလွယ်ဘူး။
အများအားဖြင့်သူများစိတ်နဲ့
ကိုယ့်ကိုယ်ဖြစ်နေရတာများတယ်။
အားနာမှုတွေ၊ ငဲ့ညှာထောက်ထားရမှုတွေနဲ့
ဘဝဟာလွတ်လပ်မှုမရှိတော့ဘူး။
သူများဆန္ဒကိုဖြည့်ဖြည့်ပေးနေရတာနဲ့
ကိုယ့်ရဲ့တကယ့်ကိုယ်ပိုင်ဆန္ဒတွေဟာ
တဖြည်းဖြည်းနဲ့နောက်ကို
ရောက်ရောက်သွားရတယ်။


http://www.dhammadownload.com

## စိတ်ကိုသတ်တာကိလေသာ

မာရ်နတ်ရဲ့အန္တရာယ်ထက်
မာရ်စိတ်(ကိလေသာစိတ်)ရဲ့အန္တရာယ်က
ပိုပြီးကြောက်စရာကောင်းတာမို့
မာရ်နတ်ကိုတွန်းလှန်နိုင်ဖို့ထက်
မာရ်စိတ်ကိုတွန်းဖြိုနိုင်ဖို့က
ပိုပြီးအရေးကြီးပါတယ်။



http://www.dhammadownload.com



## အစားရွေးတိုင်းကုသိုလ်မရ

အစားအစာကတော့သူ့ချည်းသက်သက်
ကုသိုလ်စိတ်ဖြစ်အောင်လည်း
မစွမ်းဆောင်နိုင်သလို
အကုသိုလ်စိတ်ဖြစ်အောင်လည်း
မဖန်တီးနိုင်ပါဘူး။
သက်သတ်လွတ်အစားအစာကို
စားလိုက်လို့အလိုလိုနေရင်း
ကုသိုလ်တွေရမသွားနိုင်သလို
အသားငါးအစားအစာကို
စားလိုက်လို့လည်းအလကားနေရင်း
အကုသိုလ်တွေဖြစ်မသွားနိုင်ပါဘူး။

http://www.dhammadownload.com

# ကြာပန်းလေးလို ကျင့်ကြံနေမှ

ရွှံ့နွံကြားမှာပေါက်ဖွားပေမယ့်
ရွှံ့နွံနဲ့မလိမ်းကျံ၊ မကပ်ငြိတဲ့ကြာကို
သူတော်ကောင်းတိုင်းအတုယူသင့်ပါတယ်။
လောကဓံရွှံ့နွံတွေ၊ ကာမဂုဏ်ရွှံ့နွံတွေ
ကိလေသာရွှံ့နွံတွေကြားမှာ
ပေါက်ဖွားကြီးပြင်းလာပေမယ့်
အဲဒီရွှံ့နွံတွေနဲ့မလိမ်းကျံ
မကပ်ငြိတဲ့ပုဂ္ဂိုလ်ဟာ
သန့်စင်မြင့်မြတ်တဲ့ကြာလိုလူအစစ်ပါပဲ။



http://www.dhammadownload.com



ဒီအရသာလေးကို
တစ်ကြိမ်တစ်ခါလောက်
ခံစားခွင့်ရရင်
ကျေနပ်ပါပြီလို့
တောင့်တခဲ့ပေမယ့်
တကယ်လည်းခံစားရရော
အကြိမ်ကြိမ်အခါခါ
ခံစားချင်စိတ်ဖြစ်လာပါတယ်။
ဆားငန်ရေသောက်ရတဲ့သူဟာ
ဘယ်တော့မှရေငတ်မပြေဘဲ
သောက်ပြီးရင်းသောက်ချင်ရင်း
ဖြစ်နေသလိုပါပဲ။

http://www.dhammadownload.com

## အချစ်ဆိုတာမာရ်နတ်ပါ

အချစ်ဆိုတာနှလုံးသားနဲ့ဘဝကို
သတ်ဖြတ်ဖျက်ဆီးပစ်တတ်တဲ့
မာရ်နတ်တစ်ပါးပါပဲ။
ဖြူစင်သန့်ရှင်းအေးချမ်းကြည်လင်တဲ့
စိတ်ဓာတ်တွေ၊ အကန့်အသတ်မဲ့
ဘဝတိုးတက်မှုတွေကိုနှောင့်နှေးရပ်တန့်
ချုပ်ဆုံးသွားစေတဲ့အရာဟာ
အချစ်ပါပဲ။



http://www.dhammadownload.com



## အားထုတ်ဖြစ်ဖို့အဓိက

ရောဂါပျောက်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
စီးပွားရေး၊ လူမှုရေးအဆင်ပြေ
တိုးတက်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
စိတ်ဓာတ်ခိုင်မာငြိမ်းချမ်းပြီး
စိတ်နေသဘောထားကြီးကျယ်
မြင့်မြတ်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
ခန္ဓာဇာတ်သိမ်းဒုက္ခငြိမ်းချင်လို့တရား
အားထုတ်တာကတော့အကောင်းဆုံးပါပဲ။


http://www.dhammadownload.com

## ညာစဉ်နဲ့ပဲညားလိမ့်မယ်

တရားကိုတရားနဲ့တူအောင်
အားမထုတ်ဘဲဟန်ဆောင်ပန်ဆောင်
လူအထင်ကြီးအောင်လုပ်နေမယ်
ကမ္မဋ္ဌာန်းဆရာကိုလည်းအမှန်အတိုင်း
တရားမလျှောက်ဘဲမဟုတ်မဟတ်
လုပ်ဇာတ်ခင်းပြီးလျှောက်မယ်ဆိုရင်
အဲဒီယောဂီဟာညာဏ်စဉ်နဲ့ဝေးပြီး
ညာစဉ်နဲ့ပဲညားရပါလိမ့်မယ်။



http://www.dhammadownload.com




## ဓာတ်ကူးကောင်းမှဓာတ်ကောင်းကူးမယ်

မြတ်စွာဘုရားရှင်ရဲ့ဂုဏ်ပုဒ်အမည်တိုင်းရဲ့
နောက်ကွယ်မှာကြည်ညိုလေးမြတ်ဖွယ်
လိုက်နာတုကျင့်ဖွယ်အဓိပ္ပာယ်အနှစ်တွေက
နက်ရှိုင်းစွာကိန်းဝပ်နေတာမို့
ကိုယ့်စိတ်ဓာတ်နဲ့ကိုယ့်လုပ်ရပ်ကို
အသန့်စင်ဆုံး၊ အမြင့်မြတ်ဆုံး
တည်ဆောက်လိုသူတိုင်း
မြတ်စွာဘုရားရှင်ရဲ့ဂုဏ်ပုဒ်တွေကို
နှလုံးသားထဲမှာအမြဲတမ်း
ဖော်ထုတ်ဆင်ခြင်နေသင့်ပါတယ်။

# စိတ်နုံ့ရင်သိပ်လန့်တယ်

စိတ်ဆင်းရဲခြင်းဆိုတာက
စိတ်ဓာတ်ပျော့ညံ့တဲ့သူတွေ
ကန့်ထရိုက်ဆွဲထားတဲ့
ခပ်ညံ့ညံ့ပစ္စည်းတစ်ခုပါ။
စိတ်ချမ်းသာခြင်းကတော့
စိတ်ဓာတ်ခိုင်မာသူတွေရဲ့
မူပိုင်ရတနာထုပ်ကြီး
တစ်ခုဖြစ်ပါတယ်။



http://www.dhammadownload.com




# အချစ်ကံဆိုးတာ အဆိုးကံချစ်လို့

အချစ်ရေး၊ အိမ်ထောင်ရေးမှာ
အကျိုးပေးမကောင်းတာဟာ
အချစ်ရေး၊ အိမ်ထောင်ရေးနဲ့
ပတ်သက်တဲ့မကောင်းကံတွေ
အတိတ်ကပြုလုပ်ခဲ့ဖူးလို့ပါ။
သူတစ်ပါးရဲ့ချစ်ခြင်းကိုခွဲခဲ့တဲ့သူ
သူတစ်ပါးအိမ်ထောင်ကို
ပြိုကွဲစေခဲ့တဲ့သူဟာ
အချစ်ရေး၊ အိမ်ထောင်ရေးမှာ
ဘယ်လိုနည်းနဲ့မှ
အကျိုးပေးမကောင်းနိုင်ပါဘူး။

http://www.dhammadownload.com

## ချစ်လေပူလေ

သောကမှန်သမျှချစ်ခြင်းကြောင့်ဖြစ်ရတာပါ။
ချစ်စရာတစ်ခုရှိရင်သောကတစ်ခုရှိမယ်။
ချစ်စရာဆယ်ခုရှိရင်သောကဆယ်ခုရှိမယ်။
ချစ်စရာအများကြီးရှိရင်တော့
သောကအများကြီးရှိမယ်ပေါ့။
သောကငြိမ်းချင်ရင်ချစ်စရာတွေကို
လျှော့ပစ်နိုင်ရမယ်လေ။
ချစ်ရမယ့်သူ၊ ချစ်ရမယ့်အရာနည်းပါးသွားလေ
သောကမီးလည်းချုပ်ငြိမ်းသွားလေပါပဲ။



http://www.dhammadownload.com



ဘ၀မမေ့နဲ့
လူ့အသက်တစ်ချောင်းဟာ
ဝင်လေနဲ့ထွက်လေကြား၊ သို့မဟုတ်
ထွက်လေနဲ့ဝင်လေကြားမှာပဲရှိတာမို့
ဝင်လေထွက်လေသည်ပင်လျှင်
လူတစ်ယောက်ရဲ့ဘ၀ပါပဲ။
ဝင်လေထွက်လေကိုမေ့နေတဲ့သူဟာ
ဘ၀မေ့နေတဲ့သူဖြစ်ပြီး
ဝင်လေထွက်လေကို
မမေ့တဲ့သူဟာဘ၀မမေ့တဲ့သူပါ။
ဘ၀မမေ့တဲ့သူဖြစ်ချင်ရင်
ဝင်လေထွက်လေမှာအမြဲမပြတ်၊ သို့မဟုတ်
မကြာခဏသတိကပ်ထားပြီးသိနေပါ။

http://www.dhammadownload.com

## အမြင့်ဆုံးမှာထားစေချင်

ကိုယ့်ရဲ့တောင်းဆုကို
အမြင့်ဆုံးမှာထားတတ်ဖို့၊
ထားနိုင်ဖို့၊ ထားဖြစ်ဖို့
အထူးလိုအပ်လှပါတယ်။
အမြင့်ဆုံးတောင်းဆုကိုပြုထားရင်
အမြင့်ဆုံးရဲ့အောက်က
ကောင်းကျိုးဆုလာဘ်တွေကိုလည်း
မလိုချင်အဆုံးရရှိသွားမှာပါ။



http://www.dhammadownload.com




## အချစ်များရင်အပြစ်နားမယ်

တဏှာချစ်ကိုတောင့်တရင်
တောင့်တနေချိန်မှာလည်း
တဏှာစိတ်နဲ့ပူလောင်ရသလို
ရရှိလာချိန်မှာလည်းသံယောဇဉ်မီးတွေနဲ့
ကျွမ်းမြိုက်ရပါတယ်။
မေတ္တာချစ်ကိုမျှော်လင့်ရင်တော့
မျှော်လင့်နေချိန်မှာလည်း
မေတ္တာစိတ်နဲ့အေးမြရသလို
ရရှိလာချိန်မှာလည်း
မေတ္တာရောင်ပြန်တွေနဲ့ချမ်းမြေ့ရပါတယ်။


http://www.dhammadownload.com

## လမ်းတစ်ဆုံးသွားရင်အားလုံးရောက်တယ်

နိဗ္ဗာန်ကိုရည်စူးတဲ့တောင်းဆုဟာ
အမြင့်ဆုံးတောင်းဆုပါ။
နိဗ္ဗာန်ဘူတာအထိကုသိုလ်လက်မှတ်
ဖြတ်ထားပြီးမှတော့လူချမ်းသာ
နတ်ချမ်းသာဆိုတဲ့ကြားဘူတာတွေ
ဖြတ်သန်းခွင့်မရမှာကို
တွေးပူနေစရာမလိုတော့ပါဘူး။
သေချာပေါက်ဖြတ်သန်းခွင့်ရမှာပါ။



http://www.dhammadownload.com




## သစ္စာကိုမမေ့ပါနဲ့

ဘာကောင်းမှုပဲပြုပြု
ပြုနေဆဲအခိုက်အတန့်မှာ
နိဗ္ဗာန်ဆိုတဲ့အမြင့်ဆုံးဆုကိုပဲ
တောင့်တပြီးပြုသင့်ပေမယ့်
ပြုပြီးနောက်ပိုင်းဘဝအခက်အခဲတွေ
ဘဝလိုအပ်ချက်တွေနဲ့
ကြုံဆုံလာတဲ့အခါမှာတော့
ကိုယ်ပြုထားတဲ့ကောင်းမှုကိုတိုင်တည်ပြီး
သစ္စာဆိုဆုတောင်းခွင့်ရှိပါတယ်။
အတိုင်းအတာတစ်ခုအထိ
အကျိုးရှိမှာသေချာပါတယ်။

http://www.dhammadownload.com

# ကြီးလေကဲလေ

နွားတစ်ကောင်အသက်ကြီးလေ
သူ့ရဲ့ဦးချိုရှည်လာလေ၊
လူတစ်ယောက်အသက်ကြီးလေ
သူ့ရဲ့တဏှာကြီးလာလေ၊
အသားတိုးသလောက်တရားမတိုးရင်
မရသေးတဲ့ကာမဂုဏ်ရချင်တဲ့တဏှာရယ်
ရပြီးသားကာမဂုဏ်ခံစားချင်တဲ့တဏှာရယ်
တဏှာတွေပဲအတိုင်းထက်အလွန်
တိုးပွားလာပါတယ်။



http://www.dhammadownload.com




## ကျွန်းခံတာကျွမ်း(ဂျွန်း)ပြန်အောင်ဆိုးခဲ့လို့

ကိုယ့်ရဲ့နှလုံးလမ်းကြောင်းမှာ
ခံနေတဲ့ကျွန်းဟာကိုယ်ကိုယ်တိုင်
ဖွဲ့စည်းတည်ဆောက်ထားခဲ့တဲ့ကျွန်းပါ။
ဘယ်သူမပြုမိမိမှုပေါ့နော်။
'နှလုံးလမ်းကြောင်းမှာကျွန်းခံနေတယ်' လို့
ဟစ်အော်ကြွေးကြော်နေတာဟာ
'အတိတ်ဘဝတွေကအချစ်ရေး၊
အိမ်ထောင်ရေးတွေမှာသစ္စာယွင်းပျက်ခဲ့ပါတယ်၊
ကိုယ်ကျင့်ဖောက်ပြန်ခဲ့ပါတယ်' လို့
ထုတ်ဖော်ဝန်ခံနေတာပါပဲ။

http://www.dhammadownload.com

## နှယ်တစ်မျှင်တွယ်ငင်ကြမ်းပါဘိ

သစ်ပင်မှာအမြစ်၊ လူမှာအချစ်လို့
ပြောလေ့ရှိကြပါတယ်။
သစ်ပင်တစ်ပင်ဟာအမြစ်ရှင်သန်
နိုင်မြဲနေသမျှမြေကြီးထဲက
ရုန်းထွက်လို့မရသလိုလူဟာလည်း
အချစ်ရှင်သန်နိုင်မြဲနေသမျှ
မီးဟုန်းဟုန်းတောက်နေတဲ့
သံသရာထဲကဘယ်တော့မှ
ရုန်းထွက်လွတ်မြောက်ခွင့်ရမှာမဟုတ်ပါဘူး။



http://www.dhammadownload.com



အလုပ်လုပ်မှဘဝပီပြင်မယ်

ဘဝဆိုတာအလုပ်လုပ်ခြင်း
ဘဝဆိုတာသေဆုံးခြင်းလို့ပဲ
ဘဝကိုအဓိပ္ပာယ်ဖွင့်ဆိုချင်ပါတယ်။
လုပ်ချင်တဲ့အလုပ်ကိုပဲဖြစ်ဖြစ်
မလုပ်ချင်တဲ့အလုပ်ကိုပဲဖြစ်ဖြစ်
လုပ်နေရတာဟာဘဝပါပဲ။
မနေ့ကဘဝသေဆုံးပြီးမှဒီနေ့ဘဝ
ပြီးခဲ့တဲ့နာရီ၊ မိနစ်၊ စက္ကန့်ဘဝသေဆုံးပြီးမှ
အခုနာရီ၊ မိနစ်၊ စက္ကန့်ဘဝဖြစ်ရတဲ့အတွက်
အချိန်တိုင်းသေဆုံးနေရခြင်းဟာဘဝပါပဲ။

http://www.dhammadownload.com

# ယာယီကိုတာရှည်မထင်ပါနဲ့

ဘယ်လောက်ကောင်းတဲ့
အရသာကိုပဲခံစားရခံစားရ
တဒင်္ဂတစ်ခဏလေးပါ။
အိပ်မက်ထဲကအပျော်တွေဟာ
ဘယ်လောက်မှမကြာသလိုပါပဲ။
အိပ်မက်ရဲ့နောက်ကွယ်မှာ
ဗလာတွေပဲပြည့်နေသလို
သာယာမှုရဲ့နောက်ကွယ်မှာ
ဆင်းရဲပင်ပန်းမှုတွေပဲ
ပြည့်နှက်နေပါတယ်။



http://www.dhammadownload.com



## သုခမှတ်ကျောက်

ချမ်းသာတစ်ခုဟာ
ရိုးလည်းရိုးအီသွားတယ်၊
ဒုက္ခတွေလည်းပတ်လည်ဝိုင်းနေတယ်၊
ကုန်ပျောက်ပျက်စီးခြင်းမှာလည်းပဲ
အဆုံးသတ်တယ်ဆိုရင်
အဲဒီချမ်းသာဟာချမ်းသာအစစ်မဟုတ်ပါဘူး။
အဲဒီအကောင်းဟာတကယ့်အကောင်းမဟုတ်ပါဘူး၊
ကိုယ်ကြိုက်လို့ကောင်းတယ်ထင်နေတဲ့
အလကားအကောင်းမျှသာဖြစ်ပါတယ်။

http://www.dhammadownload.com



## နေ့စဉ်သတိနေ့စဉ်ရှိပါစေ

သီးခြားသတ်မှတ်ချိန်မှာပဲတရားအားထုတ်ပြီး
တခြားအချိန်တွေမှာတရားလွှတ်ထားတဲ့သူကို
'နေ့စဉ်' အားထုတ်သူလို့ခေါ်ပါတယ်။
သီးခြားသတ်မှတ်ချိန်မှာရော
ကိုယ်အမူအရာဘာပဲပြုပြု၊ 'ပြုနေစဉ်'
စိတ်အမူအရာဘာပဲဖြစ်ဖြစ်၊ 'ဖြစ်နေစဉ်'
နေစဉ်တိုင်းနေစဉ်တိုင်းမှာ
တရားအားထုတ်နေသူကိုတော့
'နေစဉ်' အားထုတ်သူလို့ခေါ်ပါတယ်။
နေ့စဉ်အားထုတ်ရုံနဲ့တရားထူးရဖို့မသေချာပါဘူး။
နေစဉ်အားထုတ်မှတရားထူးရဖို့သေချာပါတယ်။

http://www.dhammadownload.com

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

# ပိတ်ခေါ်သံ

ဦးဇင်းရဲ့စာအုပ်တွေကိုဖတ်ပြီး
စိတ်နေစိတ်ထားဘယ်လိုပြောင်းလဲသွားတယ်
ဘဝအခြေအနေဘယ်လိုထူးခြားသွားတယ်ဆိုတဲ့
ကိုယ်တွေ့အကြောင်းအရာလေးတွေကို
ရေးသားပေးပို့မယ်ဆိုရင်
ဦးဇင်းရဲ့စာပေဝန်ထမ်းဆောင်မှုအတွက်
စိတ်အားဖြည့်ဆေးဖြစ်ပါလိမ့်မယ်။
အမှားအမှန်၊ အကောင်းအဆိုးကို
အပြုသဘောနဲ့ဝေဖန်အကြံပြုမယ်ဆိုရင်လည်း
လေးစားကျေနပ်စွာခံယူပြုပြင်သွားမှာပါ။
အားလုံးကိုကျေးဇူးတင်ပါတယ်။

ထာဝရအေးချမ်းကြပါစေ . . .
အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရကျောင်း
ကေလာသတောင်၊ သထုံမြို့။

ဓမ္မသံစဉ် . . . . . . . . . . . . . . .

http://www.dhammadownload.com



သဘောတရားအတွေးစတစ်ခု
တရားသဘောစကားစုတစ်ခုဟာ
လူတစ်ယောက်ရဲ့စိတ်ဓာတ်နဲ့ဘဝကို
အကြီးအကျယ်ပြောင်းလဲသွားစေနိုင်ပါတယ် ။
ဒီစာအုပ်မှာပါတဲ့စကားစုတွေကို
တစ်နေ့တစ်ခုပဲဖတ်ပြီး
အဲဒီတစ်နေ့လုံးအဲဒီတစ်ခုကိုပဲ
အထပ်ထပ်နှလုံးသွင်းဆင်ခြင်ပါ ။
အံ့ဩဖွယ်ကောင်းလောက်အောင်
စိတ်အားတွေပြည့်ဝလာပါလိမ့်မယ် ။

GRAPHIC
NAY WINN AUNG
0990061597